လာပို့ကျေးရွာ

ဂန့်ဂေါမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လာပို့ကျေးရွာ ၊ ဂန့်ဂေါမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ

# မာတိကာ


| | | | စာမျက်နှာ |
|---|---|---|---|
| စကားချီ | | | ၄ |
| ဂန့်ဂေါမြို့နယ် ၊ လာပို့ကျေးရွာအရင်းအမြစ်ပြမြေပုံ | | | ၅ |
| ကျေးရွာဖွံ့ဖြိုးရေးဇျူဟာနှင့်လုပ်ငန်းစဉ် | | | ၆ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | | ၆ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | | ၈ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | | ၈ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | | ၈ |
| | (က) | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၈ |
| | (ခ) | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | (ဂ) | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (ဃ) | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉ |
| | (င) | ပညာရေး | ၉ |
| | (စ) | ကျန်းမာရေး | ၉ |
| | (ဆ) | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဈ) | ကျား/မ ရေးရာ | ၁၀ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | | ၁၁ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | | ၁၂ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | | ၁၃ |
| | ဇယား (၁) | လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၃ |
| | ဇယား (၂) | ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ | ၁၃ |
| | ဇယား (၃) | ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၁၄ |
| | ဇယား (၄) | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၄ |
| | ဇယား (၅) | ဥစ္စာနေအဆင့်အခြေအနေ | ၁၆ |
| | ဇယား (၆) | စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၇ |
| | ဇယား (၇) | ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၁၈ |
| | ဇယား (၈) | မွေးမြူရေးလုပ်ငန်း | ၁၈ |
| | ဇယား (၉) | မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ | ၁၉ |
| | ဇယား (၁၀) | အခြေခံအဆောက်ဦးနှင့်ဝန်ဆောင်မှုများ | ၂၀ |
| | ဇယား (၁၁) | ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၂၁ |
| | ဇယား (၁၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၂၂ |

| | | | |
|---|---|---|---|
| | ဇယား (၁၃) | သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ | ၂၂ |
| | ဇယား (၁၄) | လျှပ်စစ်မီးရရှိမှု | ၂၃ |
| | ဇယား (၁၅) | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၂၃ |
| | ဇယား (၁၆) | ကျောင်းတက်နှုန်း | ၂၃ |
| | ဇယား (၁၇) | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၂၄ |
| | ဇယား (၁၈) | အဖြစ်များသော ရောဂါများ | ၂၅ |
| | ဇယား (၁၉) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၂၆ |
| | ဇယား (၂၀) | ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ) | ၂၇ |
| | ဇယား (၂၁) | သောက်သုံးရေရရှိမှု | ၂၇ |
| | ဇယား (၂၂) | သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) | ၂၈ |
| | ဇယား (၂၃) | ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ | ၂၉ |
| | ဇယား (၂၄) | သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ | ၃၀ |
| | ဇယား (၂၅) | ကျား/မ ရေးရာ | ၃၀ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၃၁ |

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ လာပို့ကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသောအစီအစဉ်ဖြစ်ပါသည်။စီမံကိန်းဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော ဂန့်ဂေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ခွင့်ပြုပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူ များအားလုံး ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိ ရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင် ဆွေးနွေးမှုများတွင် မဆို လူထုပူးပေါင်း ပါဝင်နိုင်ရေး အလေးထားဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော သာကောင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းစာအုပ်အား စီမံကိန်းကာလအတွင်းသာအသုံးပြုခြင်းမဟုတ်ဘဲပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လာပို့ကျေးရွာ
ဂန့်ဂေါမြို့နယ်

## ဂန့်ဂေါမြို့နယ် ၊ လာပို့ကျေးရွာ အရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း- ဂန့်ဂေါမြို့နယ် ၊ လာပို့ကျေးရွာအုပ်စု ၊ လာပို့ကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

လာပို့ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သောကိန်းဂဏန်း ၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

### ( ခ ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင် ပါသည်။

(ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

## ၁။ တည်နေရာနှင့်ပထဝီအနေအထား

လာပို့ကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါခရိုင် ၊ ဂန့်ဂေါမြို့နယ် မြစ်သာမြစ်၏ အရှေ့ဖက်ကမ်း ဂန့်ဂေါမြို့နှင့် (၅) မိုင်အကွာ ဂန့်ဂေါ-ကန် ကားလမ်းမပေါ်တွင်တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ရာသီဥတု အနေဖြင့် မိုးများခြင်း၊ မိုးခေါင်ခြင်း မရှိသော်လည်း ပုံမှန်မဟုတ်ပေ။ လယ်ယာမြေများသည် မြေဆီလွှာ အသင့်အတင့် အနေအထားတွင် ရှိပြီး စပါး၊နှမ်း၊ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းအတွက် အဓိကအားထားရာ ဖြစ်သည်။ ရွာ၏အနောက်ဖက်တွင် မြစ်သာမြစ်တည်ရှိသောကောင်း သဲ၊ ကျောက်နှင့် ကျောက်စရစ်များ ထုတ်ယူရရှိနိုင်ပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့မှ ဦးဆောင် ၍ဘာသာရေးကိစ္စ၊လူမှုရေးကိစ္စ ဆောင်ရွက်ပါသည်။ အရန်မီးသတ်တပ်ဖွဲ့ ၊ ကျေးရွာမီးလင်းရေးကော်မတီ၊ ကျေးရွာရေရရှိရေး ကော်မတီ စသည့်အဖွဲ့အစည်းများလည်း ဖွဲ့စည်းထားပါသည်။ လူငယ်များ၏ စိတ်ကူးဖြင့် သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ၊ ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးကော်မတီ၊ လူငယ်အဖွဲ့စသည့် အဖွဲ့ငယ်များဖွဲ့စည်းပြီး ကျေးရွာအကျိုးပြုလုပ်ငန်း များ ဆောင်ရွက်ကြပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးအခြေအနေ

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စပါးနှင့် နှမ်းစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်ပါသည်။ သီးထပ် အဖြစ် ပဲအမျိုးမျိုးစိုက်ပျိုးပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧကတင်း (၄၀) မှ (၆၀) အထိ ထွက်ပြီး ပျှမ်းမျှတစ်ဧက တင်း (၅၀)ခန့် ထွက်ရှိပါသည်။ နှမ်းအထွက်နှုန်းမှာ တစ်ဧက (၄)တင်းမှ (၁၀)တင်းအထိထွက်ပြီး ပျမ်းမျှတစ်ဧက (၇)တင်းထွက်ရှိပါသည်။

သွင်းအားစု (ဓာတ်မြေသြဇာ ၊ ပိုးသတ်ဆေး ၊ မှိုသတ်ဆေး ၊ အားဆေး) ဈေးကြီးမှု ပြဿနာ၊ စနစ်တကျ သုံးစွဲမှုအားနည်းခြင်းကြောင့် မြေအချဉ်ပေါက်မှု ၊ ဓာတ်ကြွင်းကျန်မှုများကြောင့် ထွက်ကုန် အဆင့်အတန်းမဂင်တော့ခြင်း ၊ ထိန်းသိမ်းကာကွယ်ရမည့်အခြေအနေဖြစ်ပါသည်။

ဩော်ဂဲနစ် စိုက်ပျိုးရေးနည်းပညာ အစားထိုးသုံးစွဲတတ်ရန် နိုင်ငံတော်အဆင့်တောင်သူ ပညာပေး လုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။

ကျေးရွာတွင် ကုန်သည်များ၊ ကျပန်းဈေးသည်များ ၊ ပန်းရံ ၊ လက်သမားနှင့် ဆိုင်ကယ်ပြုပြင်ခြင်း တက်ကျွမ်းသူများ ရှိပါသည်။ သို့သော်လည်း အသက်မွေးဝမ်းကြောင်းအတတ်ပညာများ သင်ကြားပြသပေးနိုင်မည့်သူ၊ စိုက်/မွေးမဟုတ်သော အလုပ်အကိုင်များဖန်တီးပေးနိုင်မည့်သူများ ကျေးရွာတွင်မရှိပါ။ အသက်မွေးဝမ်းကြောင်းပညာများ သင်ကြားလိုလျှင် နီစပ်ရာမြို့များသို့ သွားရောက် သင်ယူရပါသည်။

(ဂ) **အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် သောက်သုံးရေသုံးစွဲရန် စက်ရေတွင်း(၅၆)တွင်း ရှိသောကြောင့် သောက်သုံးရေ ဖူလုံသောကျေးရွာဖြစ်ပါသည်။ (သောက်သုံးရန် သင့်/မသင့် ဓာတ်ခွဲစမ်းသပ်ခြင်း မဆောင်ရွက်နိုင်သေးပါ။)

အထက်တန်းကျောင်း(ခွဲ) (၁)ကျောင်းရှိပြီး KG တန်း မှ ၁၀ တန်းထိ ကျောင်းသား(၃၈၈)ဦး ရှိပြီး အစိုးရခန့်ဆရာ/ဆရာမ(၂၂)ဦး၊ ကျေးရွာခန့်ဆရာ/ဆရာမ(၇)ဦး ဖြင့် သင်ကြားနေပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း ဆေးဝါးများ မလုံလောက်သဖြင့် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှု တောင်သူလယ်သမားများအတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေ လယ်တစ်ဧကလျှင် ၁ သိန်း၊ယာတဟ်ဧကလျှင် ၅ သောင်းနှုန်း ငွေထုတ်ချေးပါသည်။ နှစ်ရှည်ချေးငွေဆိုလျှင် တောင်သူများ အတွက် ပိုမိုအဆင်ပြေပါသည်။ ငွေချေးခြင်းထက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ဖို့ လိုအပ်ပါသည်။

(င) **ပညာရေး**

ကျေးရွာတွင် မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း ၊ ဘွဲ့ရ စသည်ဖြင့် အလွှာအသီးသီး ရှိပါသည်။လက်ရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်/ ကောလိပ်တက်ရောက်သူ (၆၄)ဦး ရှိပါသည်။ အထက်တန်းတွင် (၈၁)ဦး၊ အလယ်တန်းတွင်(၁၅၄)ဦး နှင့် မူလတန်းတွင် (၁၅၃)ဦးတို့ ပညာသင်ကြားလျက်ရှိပါသည်။

ထို့ကြောင့် ပညာတစ်ပိုင်းတစ်စနှင့် ထွက်လိုက်ရသော လူငယ်များ ရှိလာသောကြောင့် အသက်မွေးဝမ်းကြောင်း ပညာသင်ကြားမှု ဆောင်ရွက်နိုင်လျှင် လူငယ်အများစုအတွက် အကျိုးရှိပါ သည်။

(စ) **ကျန်းမာရေး**

ကျေးရွာတွင်း နေထိုင်သူအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး ရောဂါအနေဖြင့် မသန့်ရှင်းသော စားအုန်းဆီစားသုံးမိ၍ သွေးတိုးရောဂါ ဖြစ်ပွားခြင်း၊ ရာသီဥတုအပြောင်းအလဲကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ရုံဖန်ရံခါ ဖြစ်ပွားလေ့ရှိပါသည်။

ကျန်းမာရေးဆိုင်ရာ ဗဟုသုတများရှိသော ကြောင့် ရာသီအလိုက် ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်နည်းသည်ကို တွေ့ရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် ကျေးရွာတွင် ကျေးရွာနှင့် (၅)မိုင်ခန့်အကွာရှိ ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေပြုစုစောင့်ရှောက် ခြင်းများပြုလုပ်နိုင်ပါသည်။ အာဟာရအနေဖြင့် ကျောင်းအဟာရ တိုက်ကျွေးမှုအစီအစဉ်များအပြင် ကျန်းမာရေးဌာန မှ အသိပညာပေးဟောပြောပွဲများ ကျင်းပ ပေးမှုကြောင့် ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် အာဟာရ ပြည့်ဝအောင် စားသုံးကြပြီး အာဟာရချို့တဲ့မှုမရှိကြောင်း တွေ့ရပါသည်။

အကြောင်းအရင်းသည် ခြင်ပေါက်ဖွားမှုဖြစ်ပြီး ရေနုတ်မြောင်းများ မရှိခြင်း ၊ ကျေးရွာ ရေဆိုး ထုတ်မြောင်း မရှိခြင်း ၊ ရွာ၏ အနိမ့်ပိုင်းနေရာမှ ရေများ အောင်းနေပြီး ၎င်းပတ်ဝန်းကျင်မှ ကလေးများသာ အဖြစ်များကြောင်း တွေ့ရှိရပါသည်။ယခုနှစ် ပွင့်လင်းရာသီတွင် ရေနုတ်မြောင်း ၊ ရေဆိုးထုတ်မြောင်း ဖောက်လုပ်ပြီး ကလေးများ၏ ကျန်းမာရေးကို စောင့်ရှောက်ရမည်ဖြစ်ပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာလယ်ယာမြေများသည် ဓာတ်မြေသြဇာ ၊ ပိုးသတ်ဆေးများသည် ဓာတုဆေးများ ဖြစ်တာကြောင့် သတ်မှတ်နှုန်းထား ၊ ပမာဏ ၊ အချိန် စသည် ညွှန်ကြားချက်များအတိုင်း လုပ်ကိုင် နိုင်မှုအားနည်းခြင်းကြောင့် မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်များသည် နိုင်ငံတကာ ဈေးကွက်တွင် မျက်နှာပန်းမလှ ဖြစ်ခဲ့ရသည်။ အာဟာရပြည့်မီသော စားသောက်ကုန်များ မဟုတ်တော့ပဲ အစာအဆိပ်သင့် ၊ ကင်ဆာ စသည့် ဘေးထွက်ဆိုးကျိုး ကြုံနေပါသည်။

( ဇ) **ကျား / မ ရေးရာ**

ကျား/မ ဆိုင်ရာ အခွင့်အရေးအနေဖြင့် တောင်သူလုပ်ငန်းခွင်မှာ အမျိုးသားများမှ ဦးစီးခဲ့သော် ကျန်သည့် မိသားစုအရေး အပိုဝင်ငွေရှာခြင်း ၊ အမျိုးသမီးများ ဦးဆောင်၍ အိမ်ထောင် တစ်ခုအတွက် အရေးပါခြင်းဖြစ်တာကြောင့် မိသားစုအတွက် ကျား/မ သည် အဆင့်အတန်းတူသာ ဖြစ်ပါတယ်။ အသင်းအဖွဲ့တော်တော်များများတွင် ပါဝင်ခွင့်လည်း ရလာပါသည်။

အုပ်ချုပ်ရေးနယ်ပယ်တွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူပါဝင်လာ၍ ကျား/မ တန်းတူ အခွင့်အရေး ရှိပါသည်။

၄။ **ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန**

**ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ**

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ အမည် | စီမံချက်အမည် | ဦးစားပေး အဆင့် | မှတ် ချက် |
|---|---|---|---|---|---|
| ၁ | လာပို့ | လာပို့ | ပညာရေးဝန်ထမ်းအိမ်ယာဆောက်လုပ်ရန် | ၁ | |
| | | | သစ်တံခါးဆည်နှင့် ဖလိန်းဆည်များပြုပြင်ရန် | ၂ | |
| | | | ကျေးရွာတွင်းဈေးဆောက်လုပ်ရန် | ၃ | |
| | | | မြစ်သာမြစ် ကမ်းပါးမြေထိန်းနံရံတည်ဆောက်ရန် | ၄ | |
| | | | အားကစားကွင်းတည်ဆောက်ရန် | ၅ | |
| | | | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းရန် | ၆ | |
| | | | စာပေဟောပြောပွဲများကျင်းပပေးရန် | ၇ | |
| | | | ဖလိန်းဆည်သွားကုန်ထုတ်လမ်းပြုပြင်ရန် | ၈ | |
| | | | ကျောင်းဝိုင်းခြံစည်းရိုးခတ်ရန် | ၉ | |
| | | | အသက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်ရန် | ၁၀ | |
| | | | ကျန်းမာရေးအသိပညာဟောပြောပွဲများကျင်းရန် | ၁၁ | |
| | | | ကျား/မ တန်းတူအခွင့်အရေးရရှိရန် | ၁၂ | |

## ၅။ ဂန့်ဂေါမြို့နယ် ၊ လာပို့ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ပညာရေးဝန်ထမ်းအိမ်ယာဆောက်လုပ်ရန် | ၁ | | ✓ | | | |
| ၂ | သစ်တံခါးဆည်နှင့် ဖလိန်းဆည်များပြုပြင်ရန် | ၂ | | | ✓ | | |
| ၃ | ကျေးရွာတွင်းဈေးဆောက်လုပ်ရန် | ၃ | | | | ✓ | |
| ၄ | မြစ်သာမြစ် ကမ်းပါးမြေထိန်းနံရံတည်ဆောက်ရန် | ၄ | | | | | ✓ |
| ၅ | အားကစားကွင်းတည်ဆောက်ရန် | ၅ | | | | | |
| ၆ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းရန် | ၆ | ✓ | | | | |
| ၇ | စာပေဟောပြောပွဲများကျင်းပပေးရန် | ၇ | | ⍰ | | ✓ | |
| ၈ | ဖလိန်းဆည်သွားကုန်ထုတ်လမ်းပြုပြင်ရန် | ၈ | | ⍰ | ✓ | | |
| ၉ | ကျောင်းဝိုင်းခြံစည်းရိုးခတ်ရန် | ၉ | | ✓ | | | |
| ၁၀ | အသက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်ရန် | ၁၀ | | | | | ✓ |
| ၁၁ | ကျန်းမာရေးအသိပညာဟောပြောပွဲများကျင်းပရန် | ၁၁ | | ⍰ | | ✓ | |
| ၁၂ | ကျား/မ တန်းတူအခွင့်အရေးရရှိရန် | ၁၂ | | ⍰ | | ✓ | |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လာပို့ကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂၉ | ၁၆ | ၅၅ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၅၄ | ၆၀ | ၁၁၄ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၈၁ | ၇၂ | ၁၅၃ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၀ | ၈၄ | ၁၅၄ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၀၆ | ၁၂၇၉ | ၂၃၈၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၆၁ | ၉၄ | ၁၅၅ |
| **စုစုပေါင်း** | | **၁၄၀၁** | **၁၆၁၅** | **၃၀၁၆** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၈၀၆** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။လာပို့ကျေးရွာ၏ လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သူ အများစု ဖြစ်ပြီးအသက်(၆၅)နှစ်အထက်လူဦးရေမှာ(၅%)ခန့်သာရှိပါသည်။ အလုပ်လုပ်ကိုင်နိုင်သောလူဦးရ မှာ (၇၃%)ခန့်ရှိသောကြောင့် ကျေးရွာ၏လူမှုဖွံ့ဖြိုးရေး၊ စီးပွားရေးကိစ္စများတွင် ဖွံ့ဖြိုးတိုးတက်လာ ရန် အလားအလာအလွန်ကောင်းပါသည်။ လူဦးရေ၏ (၂၀%)ခန့်သည် ပညာသင်ကြားလျက်ရှိပြီး ကျေးရွာရှိ ပညာသင်ကြားရမည့် အရွယ်အားလုံးပညာသင်ကြားလျက်ရှိသောကြောင့် ပညာရေးအ ထူးကောင်းမွန်လျက်ရှိပါသည်။

## (၂) သဘာဝရင်းမြစ်နှင့်ရာသီဥတုအခြေအနေ

## (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား (၂) လာပို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့် စမ်း စသည့်) |
|---|---|---|---|---|
| လယ်မြေ | ၇၃၂ | သင့် | ရ | စိမ့်စမ်း |
| ယာမြေ/တောင်ယာမြေ | ၁၁၈၈.၂၅ | သင့် | ရ | မြစ်ရေ |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| မြေလွတ် မြေလပ် | - | - | - | - |
| **စုစုပေါင်း** | **၁၉၂၀.၃၄** | - | - | - |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** လာပို့ကျေးရွာလယ်မြေများမှာ စပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ ဖလိမ်းချောင်းရေလွှဲဆည်မှ ရေကိုအသုံးပြုသည့်ဇကေ ထက်ဝက်ခန့်ရှိသဖြင့်စိုက်ရေ၊ အောင်ရေ ရရှိကောင်းမွန်ပြီး၊ ကျန်လယ်ဇကေ ထက်ဝက်ခန့်မှာ မိုးရေကို အသုံးပြုရသဖြင့် မိုးခေါင်သည့်နှစ်တွင် အထွက်နှုန်းကျဆင်းပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၃) လာပို့ကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ)** | **အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမီ)** |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | သင့် | လက်လှမ်းမမီ |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့် သဘာဝအရင်းအမြစ် | နည်း | ခက် |
| တိရိစ္ဆာန်မျိုးစိပ်များ | နည်း | လက်လှမ်းမမီ |
| အပင်မျိုးစိပ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော) | နည်း | လက်လှမ်းမှီ |
| ပျမ်းမျှအပူချိန် - 32 C | ပျမ်းမျှမိုးရေချိန် - | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** လာပို့ကျေးရွာနယ်နိမိတ်အတွင်း ကျောက်၊ သဲရှိသော်လည်း လမ်းအခက်အခဲ များ၊ ကားအခက်အခဲများ ရှိသဖြင့် သယ်ယူရန်မလွယ်ကူခြင်း။တောင်သူပဲခင်းများဖြတ်ရမည်ဖြစ်၍ လက်လှမ်းမမှီပါ။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား(၄) လာပို့ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)** | **လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်)** | **အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက်** |
|---|---|---|---|---|
| ၁ | ပရဟိတ | ၁□ ၂√ ၃□ | ပညာရေး √ ငွေကြေး□<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ပရဟိတအဖွဲ့ အစည်း |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၂ | လူငယ် | ၁□ ၂√ ၃□ | ပညာရေး□ ငွေကြေး □<br>ကျန်းမာရေး □ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | |
| ၃ | ရပ်မိရပ်ဖ | ၁ □၂ √ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |
| ၄ | မီးသတ် | ၁□၂ √ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |
| ၅ | ဂေါပက အဖွဲ့ | ၁ □၂ □၃√ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပရဟိတလုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို လူငယ်များမှ လုပ်ကိုင်ဆောင်ရွက်ကြပြီး သာရေး ၊ နာရေးများတွင် လူငယ်ပရဟိတအဖွဲ့မှ တက်ညီ လက်ညီ ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ရေကော်မတီ၊ လမ်းကော်မတီ၊ မီးကော်မတီများ ဖွဲ့စည်းထားရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား(၅) လာပို့ကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကနှင့် အထက် | ၁၀ ဧကနှင့် ၅ ဧကကြား | ၅ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | နှစ်ထပ်တိုက် | အုတ်ညှပ် ပျဉ်ထောင် နှစ်ထပ်သွပ်မိုး | ထရံကာ၊ ကပ်မိုး | မြေစိုက်အိမ် |
| ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ထွန်စက်၊ ၊ဆိုင်ကယ်၊နွား | ကျွဲ၊ နွား၊ ဆိုင်ကယ် | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | **၆၀** | **၂၁၂** | **၂၆၁** | **၂၀၅** |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု (၈၀၆) စု အနက် အဆင်ပြေသော အိမ်ထောင်စု နည်းပါးပြီး မပြေလည်သော အိမ်ထောင်စု အသင့်အတင့်ရှိသည်ကို တွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်မှု

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) လာပို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၉၉ | ၃၇% | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ဧကအောက်(၁ဟက်တာထိ) | ၁၈၆ | ၂၃% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧကအထိ(ဟက်တာထိ) | ၁၇၇ | ၂၂% | တောင်သူငယ် |
| ၄ | ၅ဧကမှ ၁၂.၅ဧကထိ (၅ ဟက်ထာထိ) | ၁၃၈ | ၁၇% | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ ဟက်တာနှင့်အထက်) | ၆ | ၁% | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | ၈၀၆ | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-
လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ မြေယာမဲ့နှင့် ဆင်းရဲသားတောင်သူမှာ ထက်ဝက်ကျော်ရှိကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသည် ကျေးလက်နေပြည်သူများဖြစ်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုသာအဓိကထားလုပ်ကိုင်ကြပြီးလယ်ယာမဲ့အများစုမှာမြို့ပေါ်တက်၍ လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများတွင် ကျပန်းအလုပ် နှင့် ပန်းရံ ၊ လက်သမားလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။စိုက်ပျိုးရေး ၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် သီးနှံဖျက်ပိုး ကာကွယ်ရေးများအတွက် နည်းပညာနှင့် ငွေကြေးအထူးလိုအပ်နေကြောင်း လေလာတွေ့ရှိရပါသည်။

## (၄-၂-၂) အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| နှမ်း | ၁၁၈၈.၂၅ | တင်း | ၅ | ၁၅ | ၁၀ | သင့် |
| ပဲ | ၁၁၈၈.၂၅ | တင်း | ၁၀ | ၂၅ | ၁၇.၅ | သင့် |
| စပါး | ၇၃၂.၀၉ | တင်း | ၂၀ | ၆၀ | ၄၀ | သင့် |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** သီးနှံများ အထွက်နှုန်းမှာ အသင့်အတင့်ရှိပြီး၊ နှမ်းသီးနှံ၏ လုပ်အားခမှာ အခြားသီးနှံများ၏ လုပ်အားခထက် ကုန်ကျစရိတ်များပြီး အချို့နှစ်များတွင် ကိုင်းမြေ၌ စိုက်ပျိုးသော နှမ်းသီးနှံများသည် မြစ်ရေတက်မှုကြောင့် ပျက်စီးဆုံးရှုံးရသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) လာပို့ကျေးရွာ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၅၇၈ | ၇၈၈ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | - | ၄၁၈ |
| ကြက် | ၅၀၄ | ၂၃၃၈ |
| ဘဲ | - | - |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** လာပို့ကျေးရွာသည် မွေးမြူရေးနှင့် ပတ်သက်၍ ကြက်၊ ဝက်တို့ကို မွေးမြူသည့် အိမ်ထောင်စုများရှိပြီး စီးပွားဖြစ်တစ်အုပ်တစ်မ မွေးမြူသည့်အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ငါးလုပ်ငန်းနှင့် ပတ်သက်၍ မွေးမြူခြင်း၊ ဆောင်ရွက်ခြင်း၊ လုပ်ကိုင်ခြင်းများ မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၄.၄) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) လာပို့ကျေးရွာ၏ စိုက်ပျိုမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ် သမား အရေ အတွက် | မိသား စုဝင် လုပ် အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့်ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း | - | - | - | - |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှ၊ ပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်း ပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | - | - | | |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါ အဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ် သမား အရေ အတွက် | မိသား စုဝင် လုပ် အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့်ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | - | - | - | - |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများအပ) | - | - | - | - |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု ၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု ၊ လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။လာပို့ကျေးရွာတွင်လက်သမားနှင့် ပန်းရံလုပ်ငန်းဆောင်ရွက်လုပ်ကိုင်သူများ အဖွဲ့ (၂) ဖွဲ့ရှိပြီး ကျေးရွာတွင်အိမ်နှင့် အဆောက်အဦများကို ဆောက်လုပ်ကြပါသည်။ အခြားစီးပွား ဖြစ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**(၅) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

ဇယား(၁၀)ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည်(မြို့/ရွာ) | ကန်မြို့ | ဂန့်ဂေါမြို့ |
| ရွာမှအကွာအဝေး(မိုင်) (အနီးစပ်ဆုံးတစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် √ ၁၀ မှ ၁၅ မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် √ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် √ ၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျှင်☐စက်ဘီး ☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား √ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐ | ခြေလျှင် ☐ စက်ဘီး ☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ်- ဦးတည်အုပ်စုဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု၊အမျိုးသမီးအုပ်စု၊ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေပြည်သူများအနေဖြင့် လိုအပ်သော ပစ္စည်းများကို ဂန့်ဂေါမြို့သို့ ကား၊ ဆိုင်ကယ်၊ ရထားစီး၍ နေ့ချင်းပြန် သွားရောက်ဝယ်ယူကြပါသည်။

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား(၁၁) လာပို့ကျေးရွာ၏လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည်(မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ □၂ □၃ □ ၄ □ ၅ √ | ကောင်း √ သင့် □ ညံ့ □ | ပွင့်လင်းရာသီ √ တစ်နှစ်ပတ်လုံး□ | ၀-၁မိုင် √ ၁-၅မိုင် □ ၅-၁၀ မိုင် □ ၁၀ မိုင်အထက် □ |
| ချဉ်းကပ်လမ်း | ၁□ ၂ √ ၃ □ ၄ □ ၅ □ | ကောင်း √ သင့် □ ညံ့ □ | ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး √ | ၀-၁မိုင် □ ၁-၅မိုင် □ ၅-၁၀ မိုင် √ ၁၀ မိုင်အထက် □ |
| ရွာချင်းဆက်လမ်း | ၁ □၂□ ၃ □ ၄ □ ၅ √ | ကောင်း √ သင့် □ ညံ့ □ | ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး √ | ၀-၁မိုင် □ ၁-၅မိုင် □ ၅-၁၀ မိုင် √ ၁၀ မိုင်အထက် □ |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လမ်းအများသည် ကျောက်ခင်းလမ်းဖြစ်သော်လည်း အရည်အသွေးညံ့၍ မိုးရာသီတွင် သွားလာရေးအဆင်မပြေပါ။ ရွာလယ်လမ်းမကြီးသာ ကောင်းမွန်သည်ကို လေ့လာတွေ့ရှိရပါသည်။ ချဉ်းကပ်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်၍ ကောင်းမွန်ပြီး ရွာချင်းဆက်လမ်း လာပို့-ရွာစည် လမ်းမှာ မြေသားလမ်းဖြစ်၍ သွားလာရေးခက်ခဲပါသည်။

## (၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး(အသုံးမပြုပါက အကွာအဝေး(မိုင်)အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင် √ ပါ )။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး(မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀ မိုင်အထက် ☐<br>အသုံးမပြုပါ √ | ၁☐ ၂☐ ၃☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး √ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀ မိုင်အထက် ☐<br>အသုံးမပြုပါ √ | ၁☐ ၂☐ ၃☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး √ |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ မြစ်သာမြစ် တစ်ဖက်ကမ်းတွင် လယ်၊ ယာ လုပ်ကိုင်သောတောင်သူများ ရှိသဖြင့် ကိုယ်ပိုင်လှေများဖြင့် မိုးရာသီတွင် သွားရောက် လုပ်ကိုင်ကြရပြီး ပွင့်လင်းရာသီတွင် မြစ်သာမြစ်အား ဝါးတံတားထိုး၍ လာပို့ကျေးရွာမှ ကျော်ရွာကျေးရွာသို့ သွားလာကြသည်ကို လေ့လာတွေ့ရှိရပါသည်

## (၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၂၅၇ | ၇၄၀ | ၃ | ၂ | ၅ | - | ၂၂၄ |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေပြည်သူများ အနေဖြင့် ဆိုင်ကယ်ကို အများဆုံးအသုံးပြုကြပြီး ပဲ၊ စပါး၊ နှမ်း သီးနှံများကို နွားလှည်းများဖြင့် တောမှ အိမ်သို့ သယ်ယူအသုံးပြုကြပါသည်။ မြစ်သာမြစ်တဖက်ကမ်းတွင် လုပ်ကိုင်သောတောင်သူများမှာ သီးနှံများကို လှေဖြင့်သယ်ယူပို့ဆောင် ကြပါသည်။ စပါး၊နှမ်း၊ပဲ စသည့်သီးနှံများကို ဂန့်ဂေါမြို့သို့ ကားဖြင့်သယ်ယူရောင်းချ ကြပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | ၄၃၅ |
| ဆိုလာစနစ် | ၈၀ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု ။

**လေ့လာတွေ့ရှိချက်။** လျှပ်စစ်မီးအသုံးပြုမှုနှင့် ပတ်သက်၍ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိပြီးဖြစ်သော်လည်းဆိုလာစနစ်ဖြင့် မီးလင်းသည့် အိမ်ထောင်စု အနည်းငယ်ကျန်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၁၂၆၂ | ၇၉ | ၃၅၄ |

ရင်းမြစ် - အိမ်ထောင်စုစာရင်း ကောက်ယူမှု

**လေ့လာတွေ့ရှိချက်** ။ ။ကျေးရွာသည်တာဝါတိုင်များနှင့် နီးသဖြင့်ဖုန်းအင်တာနက် အသုံးပြုသူများပြားလာပါသည်။ သတင်းစာ ၊ဂျာနယ် ၊ ဖတ်သူများ နည်းပါးသွားပြီး လူမှုကွန်ယက် အသုံးပြုသူများပြားပါသည်။သတင်းအချက်အလက်များကို လေ့လာကြည့်ရှုသူများပြားလာကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆) ပညာရေး

## (၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၈၁ | ၇၂ | ၁၅၃ |
| အလယ်တန်း | ၇၀ | ၈၄ | ၁၅၄ |
| အထက်တန်း | ၃၉ | ၄၂ | ၈၁ |
| တက္ကသိုလ်ကောလိပ် | ၂၉ | ၃၅ | ၆၄ |

ရင်းမြစ် - (၁)ကျောင်းဝင်စာရင်း ၊ (၂) ဆယ်အိမ်မှူးများ

**လေ့လာတွေ့ရှိချက်** ။ ။ကျေးရွာရှိ (အ.ထ.က)(ခွဲ)ကျောင်းတွင် ကျောင်းသား/သူ (၃၈၈)ဦးရှိပါသည်။ တက္ကသိုလ်တက်ရောက်နေသူ (၆၄)ဦးရှိပါသည်။ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) √<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) √<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) √<br>အထက်တန်း ☐ |
| ခ။ ရွာမှအကွာအဝေး(မိုင်) | ဝ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင်မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ဝ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင်မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ဝ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင်မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| ဂ။<br>သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် √<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် √<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် √<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| ဃ။ စာသင်ကျောင်း၏စုစုပေါင်း<br>ကြမ်းခင်းဧရိယာ(စတုရန်းပေ) | ၆၅၃၄၀ | | |
| င။ အမိုး ၊ နံရံ ၊အခင်း<br>အရည်အသွေး | ကောင်း √ သင့် ☐ ညံ့ ☐ | ကောင်း √ သင့် ☐ ညံ့ ☐ | ကောင်း √ သင့် ☐ ညံ့ ☐ |
| စ။ ကျောင်းသုံး ပရိဘောဂ<br>လုံလောက်မှု | လုံလောက်မှုရှိပါသည် ☐<br>မလုံလောက်ပါ √ | လုံလောက်မှုရှိပါသည် ☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိပါသည် ☐<br>မလုံလောက်ပါ ☐ |
| ဆ။ ကျောင်းအိမ်သာအခြေအနေ | ကောင်း ☐ သင့် √<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိပါသည် √<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိပါသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိပါသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | ကျား - မ - ပေါင်း | ကျား - မ -ပေါင်း | ကျား - မ -ပေါင်း |
| အစိုးရခန့် | ၄ - ၁၈ - ၂၂ | - | - |
| ကျေးရွာခန့် | ၂ - ၅ - ၇ | - | - |

ရင်းမြစ် - (၁)ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ပင်မဆောင်၏ ဧရိယာသည် (၂၀၅၉၂+၄၃၅၀=၂၄၉၄၂) စတုရန်းပေ၊KG ဆောင်၏ ဧရိယာသည် ၂၅၈၄ စတုရန်းပေ စုစုပေါင်း ကြမ်းခင်းဧရိယာ ၂၇၅၂၆ စတုရန်းပေ ရှိသဖြင့် ကျောင်းသားအင်အား၊ အတန်းအရေအတွက်နှင့် ချိန်ကိုက်ပါက စာသင်ဆောင်လိုအပ် လျှက်ရှိပါသည်။

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသောရောဂါများ**

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျော | မြင့် ☐ နိမ့် ✓ မရှိ ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် ☐ နိမ့် ✓ မရှိ ☐ |
| ၃ | ငှက်ဖျား | မြင့် ☐ နိမ့် ☐ မရှိ ✓ |
| ၄ | အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ | မြင့် ☐ နိမ့် ☐ မရှိ ✓ |
| ၅ | HIV,AIDS , လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | မြင့် ☐ နိမ့် ☐ မရှိ ✓ |
| ၆ | တီဘီ | မြင့် ☐ နိမ့် ☐ မရှိ ✓ |
| ၇ | ဆီးချို | မြင့် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | သွေးတိုး | မြင့် ✓ နိမ့် ☐ မရှိ ☐ |
| ၉ | အသည်းရောဂါ(ဘီ၊စီ) | မြင့် ☐ နိမ့် ✓ မရှိ ☐ |
| ၁၀ | အာဟာရချို့တဲ့မှု | မြင့် ☐ နိမ့် ☐ မရှိ ✓ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့် ☐ နိမ့် ☐ မရှိ ✓ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု (၂)ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများ မရှိပါ။ယခုအချိန်တွင် ကျေးရွာတွင် မသန့်ရှင်းသောဆီများ၊စားအုံးဆီများ စားသုံးခြင်း၊ ကျန်းမာ ရေး ဗဟုသုတ အားနည်းခြင်းများကြောင့် ဆီးချို၊သွေးတိုးရောဂါများအဖြစ်များလျက်ရှိပါသည်။

## (၇-၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း(ရှိ၊မရှိ အမှန်ခြစ်ရန် | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | √ |
| ၂ | ဆုံဆို့ ၊ကြက်ညှာ ၊ မေးခိုင်နှင့် အသည်းရောဂါ | | √ |
| ၃ | ပိုလီယိုရောဂါ | | √ |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) | | √ |
| ၅ | ဝက်သက်ရောဂါ | √ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | √ | |
| ၇ | အာဟာရမှတ်တမ်းယူမှု (အရပ်အမြင့်၊အလေးချိန်၊ လက်မောင်းပတ်) | √ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | √ | |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** လာပို့ကျေးရွာတွင် လစဉ် ကျန်းမာရေးသားဖွားဆရာမ၊ ဆေးကြီးကြပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှ (၅) နှစ်အောက် ကလေးများအား ပေါင်ချိန်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းများဆောင်ရွက်လျှက်ရှိပါသည်။

## (၇-၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ /ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေးအထောက်အပံ့များနှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန / ဌာန ခွဲ | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ √<br>မရှိ ☐ |
| တိုက်နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် √<br>၁၀ မိုင် အထက် ☐ | ရှိ √<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် √<br>၁၀ မိုင် အထက် ☐ | ရှိ √<br>မရှိ ☐ |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** လာပို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး သားဖွားဆရာမ(၁) ဦး၊ ဆေးကြီးကြပ် (၁) ဦးရှိပါသည်။ ဂန့်ဂေါမြို့ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်နှင့် သူနာပြုများ (၁) နှစ်လျှင် (၁) ကြိမ် နှစ်စဉ် ကျေးရွာသို့ လာရောက်၍ အခမဲ့ ဆေးကုသပေးလျှက် ရှိပါသည်။

## (၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇-၄-၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုနိုင်သော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (နွေ ၊ မိုး ၊ ဆောင်း ) |
|---|---|---|---|
| ရေတွင်း | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| အဝီစိတွင်း / စက်တပ် | ၅၆၆ | ကောင်း √ သင့် ☐ ညံ့ ☐ | (နွေ ၊ မိုး ၊ ဆောင်း ) |
| အဝီစိတွင်း / တုံကင် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| မိုးရေ သိုလှောင်ကန် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| မြစ်/ချောင်းရေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |

| ရေရရှိနိုင်မှု | အသုံးပြုသောအသုံးပြုသော အိမ်ထောင်စု | ရေအရည်အသွေး | လုံလောက်(နွေ၊မိုး၊ဆောင်း) |
|---|---|---|---|
| မြစ်/ချောင်း | - | ကောင်း √ သင့်□ ညံ့ □ | |
| ရေကန် | - | ကောင်း□ သင့် □ ညံ့ □ | |
| စိမ့်စမ်းရေ | - | ကောင်း□ သင့် □ ညံ့ □ | |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စက်ရေတွင်းနှင့် ရေတွင်းပေါင်း (၅၆၆) တွင်းရှိသဖြင့် နွေ၊ မိုး၊ ဆောင်း ရေလုံလောက်မှုရှိပါသည်။

**(၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | - |
| ရေဆွဲအိမ်သာ | – |
| ရေလောင်း/ ယင်လုံအိမ်သာ | ၈၂၀ |
| မသန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲမှု | – |
| တွင်း / ဇလားအိမ်သာ | - |
| တွင်းမရှိအိမ်သာ | **-** |
| အိမ်သာမရှိ | - |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ အိမ်ခြေ (၈၀၆) အိမ် အနက် အိမ်သာ (၈၂၀) လုံး ရှိ၍ အိမ်ထောင်စု အားလုံး ယင်လုံအိမ်သာရှိပြီး စာသင်ကျောင်းအတွင်း ယင်လုံအိမ်သာ လုံလောက်မှုရှိပါသည်။

## (၈) ဘေးအန္တရာယ်ထိခိုက်မှု အခြေအနေများ

ဇယား (၂၃) လာပို့ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ

| စဉ် | ဘေးအန္တရာယ်အမျိုးအစား | အန္တရာယ်ရှိနိုင်မှု အခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု | မရှိပါ။ |
| ၃ | ရေကြီးမှု | မိုးရာသီတွင် ရေကြီးမှုဖြစ်ပေါ်ပါသည်။ |
| ၄ | မိုးခေါင်ခြင်း | (၃) နှစ်တွင် တစ်ကြိမ်ခန့် ဖြစ်ပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | အအေးလှိုင်းဖြတ်သည့်နှစ်တွင် ဖြစ်ပါသည်။ |
| ၆ | မုန်တိုင်း | မရှိပါ။ |
| ၇ | လျှေင် | မရှိပါ။ |
| ၈ | မီးဘေး | မရှိပါ။ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း ၊ မြေဆီလွှာ ပျက်ယွင်းမှု | မိုးရာသီတွင် ဖြစ်ပေါ်တတ်ပါသည်။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | သစ်ထုတ်ခြင်း၊ တောင်ယာခုတ်ခြင်းကြောင့် ဖြစ်ပေါ်ပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | မရှိပါ။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | နွား (ခွာနာလျှာနာ) ၊ ကြက်နာကျခြင်းများဖြစ်ပေါ်ပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ / လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည့် | မခက်ခဲပါ။ |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် မိုးရာသီတွင် မြစ်ရေကြီးခြင်း ဖြစ်ပွားသဖြင့် နှစ်စဉ် နှမ်းသီးနှံများ ထိခိုက်ပျက်စီးပါသည်။

**(၉)သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား (၂၄) လာပို့ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်၊ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | မြင့် | - |
| အပင်မျိုးစိတ်များ | လတ် | - |
| ရေအရင်းအမြစ် | မြင့် | - |
| ငါးမျိုးကွဲများ | | - |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | | - |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ လယ်ယာမြေများတွင် သဘာဝမြေသြဇာနှင့် သြော်ဂင်းနစ်မြေသြဇာ အသုံးပြုမှုမရှိကြောင်း တွေ့ရှိရပါသည်။ သဘာဝနှင့်လိုက်ဖက်ညီသော မြေသြဇာ အမျိုးအစား အသုံးပြုနိုင်မှု နည်းပါးပြီး အိမ်နီးချင်းနိုင်ငံထုတ်ကွန်ပေါင်း ဓာတ်မြေသြဇာများနှင့် သီးနှံအထွက်တိုး ရွက်ဖျန်းဓာတ်မြေသြဇာများကို ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲ နေကြပါသည်။ စိုက်ပျိုးရေးနှင့် မြေသြဇာ အသုံးပြုမှုသင်တန်းများ ဖွင့်လှစ်ပေးမည်ဆိုပါက အဆင်ပြေနိုင်မည် ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(၁၀) ကျား - မ ရေးရာ**

ဇယား (၂၅) လာပို့ကျေးရွာ၏ ကျား/မရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရေး အတွက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စု ဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု | ရှိ √ | မရှိ □ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ √ | မရှိ □ |

ရင်းမြစ်-(၁)အဖွဲ့အစည်းများစာရင်း၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာစီမံအုပ်ချုပ်မှုပိုင်းတွင် အမျိုးသမီးများပါဝင်မှုအားနည်းသော်လည်း ယခုအခါ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ကျောင်းကော်မတီများ၊ကျောင်းအကျိုးတော် ဆောင်နှင့် ကျေးရွာပရဟိတလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ကြကြောင်း လေ့လာ တွေ့ရှိရ ပါသည်။

၇။ **ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ**

**ဂန့်ဂေါမြို့နယ်၊လာပို့ကျေးရွာအုပ်စု ၊ လာပို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား**

**ရပ်မိရပ်ဖအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -ဆရာ/ဆရာမ နေအိမ်မလုံ လောက်ခြင်း။ | -ဆရာ/ဆရာမ များပြားလာခြင်း။ | - ကျေးရွာတွင် သဲကျောက်၊ သစ်၊ ဝါး ဝယ်ယူရန် လွယ်ကူခြင်း၊ | -ရန်ပုံငွေ မလုံလောက် ခြင်း။ | -ပညာရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | -ဆရာ/ ဆရာမ များနေ အိမ်ဆောက် လုပ်ရန်။ |
| ၂ | -ကျေးရွာတွင်း လမ်းများ မကောင်းခြင်း။ | -လမ်းဘေးရေ မြောင်း မရှိခြင်း။ | -ကျောက်ချော လမ်းခင်းရန် သတ်မှတ် လမ်း အကျယ် ရှိခြင်း။<br>-သဲ၊ ကျောက် များ ဝယ်ယူရန် လွယ်ကူခြင်း။ | -ရန်ပုံငွေ မလုံလောက် ခြင်း။ | -ကျေးလက် လမ်းဖွံ့ဖြိုး ရေးဦးစီးဌာ နနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | -ကျေးရွာ တွင်း လမ်း ကျောက်ချော ခင်းရန်။ |
| ၃ | -ကျောင်းခြံ စီးရိုးလုံခြုံမှု မရှိခြင်း။ | -ကျောင်းခြံ စည်းရိုးပျက်စီး ခြင်း။ | -သဲ၊ ကျောက် များ ဝယ်ယူရန် လွယ်ကူခြင်း။ | -ရန်ပုံငွေ မလုံလောက် ခြင်း။ | -ပညာရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | -ကျောင်းခြံ စည်းရိုးပြုပြင် ရန်။ |
| ၄ | -ကမ်းပါး ပြိုခြင်း။ | -မြစ်ရေတိုက်စား ခြင်း။<br>-ရွာတွင်းမှ ရေများ စီးဆင်းတိုက်စား ခြင်း။ | -ကျောက်၊ သဲ များအလွယ် တကူရရှိနိုင် ခြင်း။<br>-လုပ်သားအင် အားရှိခြင်း။ | - ရန်ပုံငွေ မရှိခြင်း။ | -မြစ်/ ချောင်း/ဖြိုး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | -မြစ်ကမ်းပါး ပြိုခြင်းမှ ကာ ကွယ်ရန်။ |

## ဂန့်ဂေါမြို့နယ်၊ လာပို့ကျေးရွာအုပ်စု ၊ လာပို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

**တောင်သူအဖွဲ့**

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | - စိုက်ပျိုးရေ မလုံလောက် ခြင်း။ | - ဆည်များ ကောခြင်း။ | -ယခင် ဆည်ဟောင်း ရှိခြင်း။<br>-လယ်ဧက (၇၅၀)ခန့် အကျိုးရှိ နိုင်ခြင်း။ | -ရန်ပုံငွေ မရှိခြင်း။ | -ဆည်မြောင်း ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | -စိုက်ပျိုးရေ ရရှိရန်။ |
| ၂ | -ဆည်သွား သည့်လမ်းနှင့် ကုန်ထုတ်လမ်း မကောင်းခြင်း။ | -ရေမြောင်းများ ပိတ်ဆို့ ခြင်း။ | -ယခင် လမ်းဟောင်း ရှိခြင်း။ | -ရန်ပုံငွေ မရှိခြင်း။ | -ကျေးလက် လမ်းဖွံ့ဖြိုး ရေးဦးစီးဌာ နနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။ | - ဆည်သွား သည့်လမ်းနှင့် ကုန်ထုတ် လမ်းအဆင့် မြှင့်တင်ပေး ရန်။ |

**ဂန့်ဂေါမြို့နယ်၊ လာပို့ကျေးရွာအုပ်စု ၊ လာပို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ**
**တည်ဆောက်မှုအခြေပြဇယား**

**စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -ဈေးဝယ်ယူ ရန်မလွယ်ကူ ခြင်း။ | -ဈေးမရှိခြင်း။ | -ဈေးရောင်း၊ ဈေးဝယ်ယူသူ များရှိခြင်း။ | -မြေနေရာ မရှိခြင်း။ | -စည်ပင် သာယာ ရေးအဖွဲ့ နှင့်ချိတ် ဆက် ဆောင်ရွက် ရန်။ | -ကျေးရွာ တွင်းဈေး ရရှိရန်။ |

# ဂန့်ဂေါမြို့နယ်၊ လာပို့ကျေးရွာအုပ်စု ၊ လာပို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

**အမျိုးသမီးအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်းများ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -သွေးလွန် တုတ်ကွေး ရောဂါအဖြစ် များခြင်း။ | -ရေအိုင်များ ရှိခြင်း။<br>-ခြင်များပေါ ခြင်း။ | -လုပ်သား အင်အား ရှိခြင်း။ | -ခြင်ဆေး များမလွယ် တကူ မရရှိ ခြင်း။ | -ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | -သွေးလွန် တုတ်ကွေး ရောဂါမဖြစ် ပွားစေရန်။ |
| ၂ | ကျား/မတန်း တူအခွင့်အ ရေးမရရှိ ခြင်း။ | -ရှေးရိုးစွဲ အတွေးအခေါ် များရှိနေခြင်း။ | -အမျိုးသား များနှင့် ရင် ဘောင်တန်း၍ ရပ်ရွာ ကိစ္စရပ်များ၊ စီးပွားရေး လုပ်ငန်းများ တန်းတူ ဆောင်ရွက် နိုင်ခြင်း။ | -ဝင်ငွေရရှိ သော အလုပ် အကိုင်နည်း ပါးခြင်း။<br>-အိမ်မှုကိစ္စ များနှင့် အချိန်ကုန် ခြင်း။ | -အသိပညာ ပေး ဟောပြော ပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ် ရန်။ | - ကျား/မ တန်းတူအ ခွင့်အရေးရ ရှိရန်။ |

# ဂန့်ဂေါမြို့နယ်၊ လာပို့ကျေးရွာအုပ်စု ၊ လာပို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

**လူငယ်အဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -အားကစား ကွင်းမ ကောင်းခြင်း။ | -လယ်မြေ ဖြစ်နေခြင်း။ | -လုပ်သား အင်အားရှိ ခြင်း။<br>-မြေနေရာရှိ ခြင်း။ | -ရန်ပုံငွေ မရှိခြင်း။ | -အား/ကာ ဦးစီးဌာနနှင့်ချိ တ်ဆက် ဆောင်ရွက် ရန်။ | - အားကစား ကွင်းပြုပြင် ရန်။ |
| ၂ | -အလုပ်အကိုင် ရှားပါးခြင်း။ | -မူးရစ်သောက် စားမှု များပြား ခြင်း။ | -သင်တန်း တက်ရောက်လို သူ များပြား ခြင်း။ | -သင်တန်းပို့ ချမည့်သူ မရှိခြင်း။ | -ကျေးလက် ဦးစီးဌာနနှင့် ချိန်ဆက် ဆောင်ရွက် ရန်။ | -အသက်မွေး ဝမ်းကျောင်း သင်တန်းများ ပို့ချပေးရန်။ |
| ၃ | လူငယ်များ စာဖတ်မှု အားနည်း ခြင်း။ | -ဗဟုသုတ အားနည်းခြင်း။ | -ကျေးရွာလူထု မှစိတ်ပါဝင်စား မှု ရှိခြင်း။ | -စာကြည့် တိုက်မှုူး မရှိ ခြင်း။<br>-စာအုပ်၊စာ တန်းမပြည့် စုံခြင်း။ | -ပြန်/ဆက် ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | -စာပေဟော ပြောပွဲများ ကျင်းပပေး ရန်။ |